# မာတိကာ


စကားချီး ၇

နိဒါန်း ၉
- ပြည်တွင်း ပြည်ပ သမိုင်းမှတ်တမ်းများ ၁၂
- ဓာတ်ပုံ မှတ်တမ်းများ ၁၈

အခန်း ၁။ ကျောင်းတော်ကြီးများ ဖွဲ့စည်း တည်ဆောက်ပုံ ၂၀
- ကျောင်းတော်ကြီးများ၏ ဖွဲ့စည်းပုံ ၂၂
- ကျောင်းတော်ကြီးများ တည်ဆောက်ပုံ နှင့် အတွင်းအပြင်မွမ်းမံချယ်သမှု ၃၃
  - ကျောင်းကြီးများ မြေမှ အမိုးထိ အပြင်ပိုင်း အမွမ်းများ၊ ၃၅
  - ကျောင်းကြီးများ၏ အတွင်းပိုင်း မွမ်းမံချယ်သမှု ၆၉
- မြန်မာ့သစ်သားကျောင်းတော်ကြီးများ ဖွဲ့စည်းတည်ဆောက်ပုံ၏ မြစ်ဖျားခံရာ ၈၀

အခန်း ၂။ အမရပူရခေတ် ကျောင်းတော်ကြီးများ ၁၀၇
- မဟာတုလွတ်ဘုံစံကျောင်း၊ မဟာအောင်မြေဗိမာန်ကျောင်း နှင့် အရံကျောင်းများ (မယ်တော်ကျောင်း နှင့် သမီးတော်ကျောင်း) ဆိုင်ရာ မှတ်တမ်းများ ၁၁၆
- မဟာတုလွတ်ဘုံစံကျောင်း ၁၂၄
- မယ်တော်ကျောင်း ၁၂၈
- သမီးတော်ကျောင်း ၁၄၈
- အာသောကာရာမတိုက်၊ ရတနာဘုံကျော် (ရတနာဘုံသာ) ကျောင်း ၁၆၄
- သံတဲအနီးရှိ ကျောင်းငယ် ၁၇၆
- မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်ရာ ပြာသာဒ်တော်ကြီး ၁၈၂
- မဟာသကျသီဟရုပ်ပွားတော် ကိန်းဝပ်ရာ ရွှေပြာသာဒ်တော်၊ ၁၈၉
- မိုးထိကျောင်း (ဘုံသာဝေယန်ကျောင်း)၊ ၁၉၆
- အမရပူရခေတ် အခြားကျောင်းများနှင့် ဗုဒ္ဓသာသနိကအဆောက်အအုံများ၊ ၂၀၀
  (မကွေးဝန်ထောက်ကျောင်း၊ ပြည်တိုက်ကျောင်း၊ Sebouktya kyoung၊ My-an-dyk Kyoung၊ Shwe-doung-dyk Pagoda၊ အုတ်ကျောင်း၊ ဆင်ကြို့ရွှေဂူဘုရားရှိ အုတ်ဇရပ်ကြီး၊ Toung-lay-lou-tiy Kyoung)

နိဂုံး ၂၀၂

အကိုးအကားများစာရင်း ၂၀၃



မန္တလေးမြို့ မြတောင်ရွှေကျောင်း
(ရေးဆွဲသူ R.T. Kelly, R.T. Kelly ၏ Burma, painted and described စာအုပ်မှ)


စလင်းတိုက် ပင်မကျောင်းကြီး၏ နှုးတိုင်ဆောင်များ
(ဓါတ်ပုံ ၂၀ Archaeological Survey of India)



ကျောင်းတော်ကြီးများပေါ်သို့ တက်ရောက်ရန်အတွက် လှပခန့်ညားသော အုတ်လှေကားကြီးများ တပ်ဆင်ထားသည်၊ အုတ်လှေကားကြီးများကို သရက်ကင်းနှင့် အလားသဏ္ဌာန်တူ ပုံဖော်ထားသည့် အုတ်လက်ရန်းကြီးများတပ်ဆင်လေ့ရှိသောကြောင့် သရက်ကင်းလှေကားဟု ခေါ်ဝေါ်သည်၊ ၎င်းလှေကားပုံသဏ္ဌာန်ကို ပုဂံခေတ်ပုထိုးများတွင်လည်း တွေ့ရသည်၊ ၂၀၀၆ ခုနှစ်ထုတ် "Enchanting Myanmar" မဂ္ဂဇင်းပါ တမ္ပဝတီ ဦးဝင်းမောင် ၏ "Green Mangoes" ဆောင်းပါးတွင် သရက်ကင်းလှေကားအကြောင်း ရှင်းလင်းရေးသားထားပြီး ပျူခေတ်တွင်လည်း အသုံးပြုခဲ့ကြောင်း ဖော်ပြထားသည်၊

အာသောကာရာမတိုက် နှင့် ပင်မကျောင်းတော်ကြီး၏ မူလအလှူရှင် ဒါယကာမှာ ဘိုးတော်ဘုရားဟု အများသိကြသည့် အမရပူရ ပထမမြို့တည်နန်းတည် မင်းတရားကြီး ဖြစ်သည်၊ ကျောင်းတော်ကြီးကို ဘိုးတော်ဘုရားက စတင်တည်ဆောက် လှူဒါန်းခဲ့ပြီး မြေးမြစ်များ ဖြစ်ကြသော ဘကြီးတော်မင်း၊ ပုဂံမင်းတို့က ဆက်လက်ပြုပြင် တည်ဆောက်ခဲ့ကြသည်၊ အာသောကာရာမတိုက်၊ ရတနာဘုံကျော်ကျောင်းအား ဘိုးတော်ဘုရားက ၂၆ ခုနှစ် ၁၇၈၅ (၁၁၄၉ ဝါဆိုလပြည့်ကျော် ၅ ရက်) တွင် ဆောက်လုပ်ရန် ငွေတော်ထုတ် စတင်ပြင်ဆင်ချိန်မှ ၄ နှစ် ၈ လအကြာ ဖေဖော်ဝါရီ ၁၇၉၀ (၁၁၅၁ တန်ခူးလပြည့်) တွင် ဘုံလေးထပ်၊ အုတ်လှေကားကြီး မြောက်စင်းတပ်ကျောင်းကြီး တည်ဆောက်ပြီးစီးသဖြင့် သာသနာပိုင်ဆရာတော်အား တင်လှူခဲ့ကြောင်း ဘိုးတော်ဘုရားကျောက်စာများ အပိုင်း (၁)၊ အာသောကာရာမတိုက် ရတနာဘုံကျော် ကျောင်းတော်ကျောက်စာတွင် ရေးထိုးဖော်ပြထားသည်၊

